လှိုင်စာပေ

# မြလဲ့ခင်

## ဥပေက္ခာစိမ်းနဲ့ အသည်းသိမ်းပုံ



လုံးချင်းဝတ္ထုသစ်

# အပိုင်း (၁)

မေတ္တာအရေးအခင်းမှာ အစွဲအလမ်း ကြီးလွန်းသူတို့ သာလျှင် ရှုံးနိမ့်ရစမြဲ ဖြစ်တဲ့ အတွက် အစွဲအလမ်း သိပ်မထားပါနဲ့ လား နေနီ။

**ဒွန်းဇန်**

*****

အချစ်ဆိုတဲ့ အရာဟာ လူကို ကျီစားတတ်လိမ့်မယ်လို့ ကိုယ်မထင်ခဲ့မိဘူး။ ကိုယ်က လိုက်လေလေ၊ သူက ပြေးလေလေပဲ လုပ်နေပြီး ကိုယ်က ဟိုက်ပြီး မလိုက်နိုင်ပြန်တော့ သူက ရုတ်တရက် ဆိုက်ရောက်လာပြန်တယ်။

**နေနီ**

*****

အချစ်ဆိုတာ နှစ်ဦးနှစ်ဖက် သဒ္ဒါကြည်ဖြူမှ ဖြစ်ပေါ်လာတတ်တဲ့ အရာမျိုးပဲ။ တစ်ဖက်သတ် ဖြစ်မယ်ဆိုရင် တစ်ဖက်သတ် အချစ်နဲ့ ပဲ "အချစ်ဟာ" မပီပြင်ဘဲ နှလုံးသားမှာ ငုပ်လျှိုးပြီး ပေးဆပ်ခြင်းနဲ့ ပဲ ကျေနပ်နှ

စ်သိမ့်သွားရတဲ့ တစ်ဖက်သတ် အချစ်ရှုံးသမားတွေရဲ့ အရေအတွက်ဟာ ကိန်းဂဏန်းပေါင်း ဘယ်လောက်ရှိနေပြီလဲလို့ သိချင်လိုက်တာ။

**မင်းသိမ်းပိုက်**

*****

# အပိုင်း (၁)

## အခန်း (၁)

လှေကား တစ်ဆစ်ချိုး ထောင့်ချိုး အကွေ့၌ ဖြစ်သည် ။

'အင့်'

နေနီ ရင်အောင့်သွားသည် ။

တစ်စုံတစ်ယောက်နှင့် တိုက်မိလိုက်သည် ဟု သိလိုက်ရချိန်က နောက်ကျသွားပြီ။ လက်ထဲ ပွေ့ပိုက်ထားသော စာအုပ်များက ကြမ်းပြင်နှင့် မိတ်ဖွဲ့သွားလေသည် ။

'ဆောရီးဗျာ'

အသံကို ကြားလိုက်ရပြီး လူက ကြမ်းပြင်ထက်မှ စာအုပ်များကို ငုံ့ကောက်နေသည် ။

သြော် လက်စသတ်တော့ သူကို။

နေနီရင်ထဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရသည် ။ စိတ်ဝင်စားနေသော လူတစ်ယောက်နှင့် တမင်တကာ ဖန်တီးခြင်း မဟုတ်ဘဲ တွေ့ဆုံရမှုအတွက် ကံကြမ္မာကို ကျေးဇူးတင်သွားရသည် ။ ထို့ကြောင့် ပျာပျာသလဲလဲပင်

'ရပါတယ်၊ မတော်တဆပဲ' ဟု ခပ်မြန်မြန်လေး ပြောချလိုက်ပြီး ကျနေသော စာအုပ်များကို သူနှင့်အတူ ဝိုင်းကောက်လိုက်သည် ။ သူက မိမိအား လုံးဝမကြည့်။ စာအုပ်များကို ကောက်ကာ မိမိအား ပေးပြီး ...

'ခင်ဗျားစာအုပ်တွေမှန်လား စစ်ကြည့်ဦး'

ဟု ပြောပြီး သူ့စာအုပ်များကို သူ စစ်ဆေးပြီးနောက် ချက်ချင်းပင် ထကာ ထွက်သွားလေသည် ။

'ဟင် ဘယ်လိုလူလဲ'

ရင်ထဲက အာမေဍိတ်သံက နှုတ်ဖျားမှ ထွက်ပေါ်မလာ ခြင်းကိုပင် နေနီ ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင်လိုက်ရ၏။ သုတ်သီးသုတ်ပျာနှင့် လှေကားပေါ် တက်သွားသော သူ၏ နောက်ကျောကို မကျေမချမ်း ငေးကြည့်မိလေသည် ။ အကယ်၍ သာစိတ်လွတ်ကိုယ်လွတ် ငယ်စဉ်ကလေးဘဝက စိတ်မျိုးဆိုပါက သူ၏ နောက်ကျောပြင်သို့ လက်ထဲက ရှိရှိသမျှ စာအုပ်နှင့် ပိတ်ပေါက်ပစ်လိုက်မိမှာ သေချာသည် ။

ယခုတော့ အရွယ်ရောက်နေပြီဖြစ်သော တက္ကသိုလ်ကျောင်းသူ တစ်ဦးလည်း ဖြစ်နေပြီ ဖြစ်သော မိန်းကလေးအနေနှင့် ဣန္ဒြေပျက်စေတတ်သော အပြုအမူမျိုးကို စိတ်လွတ်ကိုယ်လွတ် မပြုလုပ်သင့်တော့ဟု နားလည်သဘောပေါက်ကာ သူ့နောက်ကျောကို ငေးကြည့်ရာမှာ ကျောပြင် ပျောက်ကွယ်သွားမှ ပင့်သက်ချလိုက်မိပြီး လက်ထဲမှ စာအုပ်များကို ပွေ့ပိုက်ကာ လှေကားထစ်များ အတိုင်း ဆက်ဆင်းခဲ့လေသည် ။

သူ။ ဒွန်းဇန် ဆိုသောသူ။

ကျောင်းကို နောက်ကျမှ ရောက်တတ်သည် ။ ရောက်လာသည့်အခါ တိုင်းလည်း သုတ်သီးသုတ်ပျာနှင့် ဘယ်သူ့ကိုမှ အရေးမစိုက်၊ နောက်ကျလျှင် နောက်ဆုံး ဝင်ပေါက်နားက ခုံ၌ သာ ထိုင်နေတတ်သည် ။ တစ်ခါတရံတွင် တော့ သူ့အနီးသို့ ပြောင်းရွှေ့ထိုင်ပေးတတ်သော သူတစ်ယောက်ကိုတော့ ပုံမှန်တွေ့ရသည် ။ ထိုသူက မင်းသိမ်းပိုက် ဖြစ်သည် ။

မင်းသိမ်းပိုက် တစ်ဦးတည်းနှင့်သာ သူစကားပြောတတ်သည် ကို တွေ့ရသည် ။ စာသင်ချိန် ပြီးသွား၍ ဒွန်းဇန်ကို လှည့်ကြည့်လိုက်လျှင် မရှိတတ်တော့။ ဘယ်အချိန် ဘယ်ကာလများ လစ်ထွက်သွားသည် ကို မသိနိုင်ချေ။

'ဟိတ် နေနီ'

'အမလေး လန့်လိုက်တာ'

'လန့်စရာလား စာကြည့်တိုက်သွားမယ်ဆို'

'အင်း လိုက်မလို့ လား စောစောက မလိုက်ဘူးဆိုပြီး'

သူငယ်ချင်း နှစ်ယောက် ရောက်လာသည် ။

နွယ်နီနှင့် ဝေဝေ ဖြစ်သည် ။

'နိုး နိုး ကင်တီးသွားပြီး မျက်စိအစာကျွေးမလို့ '

နွယ်နီက ဗရုတ်ဖြစ်သည် ။ ပါးစပ်က ပေါက်ပန်းဈေး လျှောက်ပြောတတ်ပြီး ပျော်ပျော်နေတတ်သူ ဖြစ်သည် ။

'လိုက်ဦးမလား'

'ဝါသနာ မပါဘူး'

'တို့ တော့ပါတယ် ငှက်ပျောတုံး ဖက်သေရမယ့် ဘဝမျိုးက လွတ်မြောက်ဖို့ အခုထဲက ကြိုးပမ်းမယ်။ အချိန်ရှိခိုက် လုံ့လစိုက် ရမယ်လေ အဟဲ ဟုတ်တယ်မှတ်လား ဝေဝေ'

'ဟုတ်တယ် အခန်းထဲကလည်း သုံးစားလို့ ရကောင် တစ်ကောင်မှ မတွေ့သေးဘူး'

'ရှူး'

နေနီက နှုတ်ခမ်းကို လက်ညှိုးနှင့် ဖြတ်ကာ 'ရှူး' လုပ်လိုက်ရသည် ။ မလုပ်၍ မဖြစ်။ လှေကားသို့ ကျောင်းသူကျောင်းသား အဆင်းအတက်များကို တွေ့မြင်လိုက်ရ၍ ဖြစ်သည် ။

'သွားပြီ'

နွယ်နီနှင့် ဝေဝေက ပြောင်ချော်ချော် မျက်နှာထားနှင့် သူ့ရှေ့မှ ဆင်းပြေးသွားလေသည် ။ နေနီက နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်ပြီးနောက် ခပ်မှန်မှန်ပင် ဆင်းခဲ့လေသည် ။ နေနီခေါင်းထဲ ဝင်ရောက်စိုးမိုးလာသည့် တွေးက ဒွန်းဘာကြောင့် နောက်ကျမှ ရောက်လာတတ်ပြီး စောစောပျောက်တတ်တာလဲ။ စောစောက သူနှင့် ဝင်တိုက်မိသောမိန်းကလေးမှာ သူတို့ အီးမေဂျာကွင်း ဆိုတာကို သူ သတိမပြုမိဘူးလား ။ အများ သူငါ ယောကျ်ားသားများကဲ့သို့ သူ့အား အရောဝင်ရန်၊ မိတ်ဆွေဖွဲ့ရန် အခွင့်သာပါလျက် တုံဏှိဘာဝေလုပ်ကာ ဥပေက္ခာ ပြုသွားနိုင်သော ယောကျ်ားတ စ်ယောက်အဖြစ် သူ့အပေါ် စိတ်ဝင်စားမှု ပိုမိုစေရန် အထာပေးသွားတာလား။

နေနီသည် စဉ်းစားမှုပေါင်း သောင်းခြောက်ထောင်နှင့် စာကြည့်တို

က်ဘက်သို့ တရွေ့ရွေ့နှင့် လျှောက်လှမ်း လိုက်လေသည် ။

*****

## အခန်း (၂)

သူ အမှတ်မထင် မြင်လိုက်ရသော မျက်နှာ ဖူးဖူးမွတ်မွတ် ကလေးကြောင့် ရင်ဝယ် တအံ့တသြ ဖြစ်သွားရသည် ။

'လှလိုက်တဲ့ မိန်းကလေး' ဟူသော စွဲထင်မှုပင်။

သို့သော် ချက်ချင်းပင် လွတ်သွားသော သတိစိတ်ကို ပြန်ထိန်းလိုက်ပြီး ကြမ်းပြင်ထက်မှ စာအုပ်များကို ကောက်ယူပြီး ကိုယ့်စာအုပ် ကိုယ်ယူ၊ သူ့စာအုပ်များအား သူ့ကို ပေးပြီး အပေါ်ထပ်သို့ ပြေးတက်ခဲ့သည် ။

လွတ်သွားသော စာများကို ပြန်ကူးရန် မင်းသိမ်းပိုက်နှင့် တွေ့မှ ဖြစ်မည်။ မင်းသိမ်းပိုက်ကို သူနောက်ကျလျှင် စောင့်နေဖို့ မှာ ထားပြီး ဖြစ်သော်လည်း အတန်းဆင်းချိန် ဖြစ်နေသည် ။ မမှီမှာ စိုးရိမ်သည် ။ ထို့ကြောင့် အလှမိဖုရားကို ကျော်ခိုင်းကာ သူ အပေါ်ထပ်သို့ ပြေးတွက်ခဲ့လေသည် ။

သို့သော် မင်းသိမ်းပိုက်နှင့် လွဲမှာ စိုး၍ ကျောခိုင်းခြင်းက သာမညပင်။ အမှန်တော့ သူသည် ဘဝသမားဖြစ်သည် ။ အလှအပ၊ အနုအရွှများ နှင့် စိတ်ကူးယဉ်ခြင်းတို့ သည် သူကဲ့သို့သော ဘဝသမားများ နှင့် လားလားမှ မသက်ဆိုင်ချေ။

သူ့၌ မိသားစုတာဝန် ရှိနေသည် ။ ပညာကို လိုချင်လွန်း၍ သာ သူ

နေ့ကျောင်းတက်ခြင်း ဖြစ်သည် ။ သူ့မှာ စိတ်ကူးယဉ်ရန်၊ ရင်ခုန်ရန် အချိန်များ မပေးနိုင်ချေ။

တော်သေးသည် ။ စာသင်ခန်းထဲ၌ လူအချို့ ရှိနေသေးသည် ။ ထိုအထဲတွင် မျက်မှန် တဝင်းဝင်းနှင့် မင်းသိမ်းပိုက်ကို လှမ်းတွေ့လိုက်ရသည် ။ သူဝမ်းသာအားရနှင့် မင်းသိမ်းပိုက်ထံသို့ လျှောက်သွားလိုက်သည် ။

စာအုပ်တစ်အုပ်ကို သဲသဲမဲမဲ ကြည့်နေသော မင်းသိမ်းပိုက် ပခုံးကို ပုတ်လိုက်သည် ။

'ဟေ့ကောင်'

'အာ လန့်လိုက်တာ နောက်ကျလှချည်လား'

'ဟုတ်တယ် အမေ့ကို ဆေးခန်းပို့နေရသေးလို့ '

'အဒေါ်က ရင်ကျပ်ထပြန်ပြီလား'

'နည်းနည်း အေး လာပြီကိုးကွ။ ကိုင်း ပေးစမ်းပါဦး၊ ဘာတွေသင်လိုက်သလဲ'

'ဒီမှာ မင်းဘာသာမင်း ကြည့်ကျက်ကူးပေတော့ ငါတော့ ဗိုက်ဆာလို့ ကင်တီးသွားရင်း မျက်စိအစာ ကျွေးလိုက်ဦးမယ်။ မင်းလိုက်ခဲ့ပါလား ဟိုမှာ ကူးလည်း ရတာပဲဟာ'

'ဆူညံနေတာ ဘယ်လိုလုပ် အာရုံရမှာ လဲ။ စာကြည့်တိုက် သွားတော့မယ်'

'ကွာ ကွာ'

'လာကွာ တူတူသွားကြတာပေါ့'

ဒွန်းဇန်က မင်းသိမ်းပိုက် စာအုပ်နှစ်အုပ်ကို ယူကာ ပွေ့ထားသော စာအုပ်ကြား ထည့်လိုက်ပြီးနောက် မင်းသိမ်းပိုက်နှင့်အတူ စာသင်ခန်းထဲမှ ထွက်ခဲ့လေသည် ။

'ဒီနေ့ နီလေးက လှတယ်ကွာ ရက်ရက်စက်စက်ပဲ'

'ဘယ်က နီလေးလဲ'

'ဟ ဘယ်သူရှိရမှာ လဲ တို့ မေဂျာကွင်းလေကွာ'

ဒွန်းဇန် စိတ်မဝင်စား။ သူ စိတ်ဝင်စားသည် က ပန်းရိုင်းစည်းတွေကို သီရိမင်္ဂလာဈေး၌ သွားယူ၊ အစ်မတွေက အချောပြန်စည်းပြီး ပြန်ရောင်း။ အခြားပန်းသည် များ နှင့် စပ်တူလုပ်ကာ ပန်းအဝယ်တော်တာဝန်ကို သူက ယူပေးရသည် ။ ပန်းတွေ လတ်ဆတ်ဖို့ အနာအဆာနှင့် ပိုးမွှားကင်းဖို့ ကလွဲပြီး သူ အခြားအာရုံ သိပ်မပေးနိုင်။ အစ်မ နှစ်ယောက်ကလည်း အတန်းပညာက သိပ်ရှိသည် မဟုတ်။ တစ်ယောက်က လေးတန်း၊ တစ်ယောက်က ခုနှစ်တန်းသာ အောင်ခဲ့သည် ။ ဖခင်ဆုံးပါးသွားပြီး အမေက ပဲပြုတ်ရောင်းကျွေးပြီး ကလေးသုံးယောက်နှင့်မုဆိုးမတာဝန်ကို နေပူမရှောင် မိုးရွာမရှောင် တစ်ရပ်ကွက်ဝင် တစ်ရပ်ကွက်ထွက် တစ်လမ်းဝင် တစ်လမ်းထွက် ခေါင်းရွက် ရောင်းရာမှ အမေသည် အစ်မကြီးအရွယ် ရောက်စအချိန်တွင် ရုတ်တရက် အိပ်ရာထဲ လဲသောအခါ အစ်မကြီးက အမေ့တာဝန်ကို ထမ်းဆောင်ရလေသည် ။

အစ်မလတ်က နုံနုံအအ ခပ်ထုံထုံဖြစ်၍ လေးတန်း မအောင်နိုင်သောအခါ ကျောင်းထွက်ပြီး ညီအစ်မနှစ်ယောက်က ပဲပြုတ်ရောင်းကာ အိမ်စရိတ်နှင့် အမေ့ဆေးဖို့ သူ့ကျောင်းစရိတ် ရှာရ၏။

သူကတော့ ရည်ရွယ်ချက် ထားသည် ။ ပညာမတတ်သော ဆင်းရဲသား လူတန်းစား သူတို့ မိသားစုဘဝ တိုးတက်မြင့်မားစေရမည် ဟူ၍

ဖြစ်သည့် အားလျော်စွာ သူကြိုးစားခဲ့လေသည် ။ ကြိုးစားသည် နှင့်အမျှ ဆယ်တန်း လေးဘာသာဂုဏ်ထူးနှင့် အောင်မြင်ခဲ့သော်လည်း အင်္ဂလိပ်စာ အမှတ်အများ ဆုံးနှင့် အင်္ဂလိပ်စာအဓိကကို Roll Number One ဖြင့် စတိုင်လ်ပင် (ပညာသင် ထောက်ပံ့ကြေး) ယူပြီး တက္ကသိုလ် တက်ခဲ့သည် ။

သူ အရွယ်ရောက်လာချိန်မှ စ၍ အစ်မများအား ပဲပြုတ်မရောင်းခိုင်းဘဲ သူတို့ နှင့် မလှမ်းမကမ်း ဈေးကြီး၌ နေရာတစ်နေရာ ရယူကာ ပန်းရောင်းစေခဲ့သည် ။ ရောင်းရန် လိုအပ်သော ပန်းများကို သူပဲ ဒိုင်ခံဝယ်ပေးသော အဝယ်တော် ဖြစ်ခဲ့သည် ။

ထို့ကြောင့် ကျောင်းချိန်ကို အမြဲလို နောက်ကျမှ ရောက်တတ်သည် ။

ဆင်းရဲသားရပ်ကွက်၌ ကိုယ်ပိုင်အိမ်နှင့်ပင် မနေနိုင်သော သူတို့ မိသားစု ဘဝအတွက် သူမှ မကြိုးစားလျှင် ကိုယ်ပိုင်အိမ်ကလေး တစ်လုံးပင်ရလာမည် မဟုတ်သဖြင့် သူ့စိတ်ထဲ ဘဝခရီးလမ်းကို ဆူးညှောင့်ခလုတ် ဖြစ်စေမည့် အချစ်ရေးကိစ္စကို ဥပေက္ခာ ပြုထားလိုက်သည် ။ မိန်းမလှ၊ မိန်းမချော ဆိုတာလည်း သူနှင့် မသက်ဆိုင်သည့်အလား အရေးမစိုက်ခဲ့။

သို့သော် အံ့သြစရာကောင်းသော အဖြစ်အပျက် တစ်ခုက သူ့နှလုံးသားကို ခုန်နှုန်းမြန်ဆန် စေရန် ပြုလုပ်လိုက်လေသည် ။ မေဂျာကွင်းက ဘယ်သူမှန်း သူ မသိ။ နီလေး ဆိုတာလည်း ဘယ်သူမှန်း မသိ။ သူ သိလိုက်သည် က စောစောက လှေကား တစ်ဆစ်ချိုး ထောင့်ချိုး၌ တိုက်မိသွားသော မိန်းကလေး။

လှလိုက်တာ။ ဖူးမွှတ်နေအောင် လှတယ်ဆိုတာ ဒီလိုမျိုးလားဟု တရေးရေး ပြန်လည် မြင်ယောင် တွေးမိသည့်အခါ ရင်ခုန်သံက မြန်ဆန်

လာပြန်သည် ။ မင်းသိမ်းပိုက်က လှေကားထစ်ဆုံးတော့ ...

‘မင်းကို စောင့်နေရတာနဲ့ နီလေး ဘယ်သွားမှန်းတောင် မသိလိုက်ရဘူး’

‘ရောဂါပဲ ကိုင်း သွားမယ်’

သူ စာကြည့်တိုက်ဘက်သို့ ထွက်ခဲ့လေသည် ။ တဒင်္ဂ အကြည့်၌ မျက်လုံးချင်း ဆုံမိသည် ။ သတိရှိသော သူက ချက်ချင်းပင် မျက်နှာလွှဲခဲ့လေသည် ။ မပတ်သက်ချင်ဘူး ဆိုကာမှ ဖျောက်ဖျက်ပစ်၍ မရအောင် သူ့မျက်ဝန်းမှာ စွဲထင်နေပါလား။

စာကြည့်တိုက်ထဲ ဝင်ပြီး လူရှင်းသော စားပွဲတစ်လုံးကို ရွေးချယ်ကာ နေရာယူလိုက်ပြီး မင်းသိမ်းပိုက်စာအုပ်ကို တစ်ခေါက်ဖတ်လိုက်သည် ။ စာအုပ်များကို စားပွဲ၌ ထားခဲ့ပြီးနောက် ကိုးကားရန် လိုအပ်မည်ထင်သော စာအုပ်များကို ရွေးချယ်ရန် စာအုပ်စင်များ ဘက်သို့ ထွက်ခဲ့လေသည် ။

စာအုပ်စင်၏ ဒီဘက်မှ ဟိုဘက်စာအုပ်များ အကြားတွင် မျက်နှာတစ်ခုကို သွားတွေ့လေသည် ။ ဖူးစင်အောင် လှသော မျက်နှာလေး။

‘ဟင်’

ရင်တွင်း အာမေဋိတ်သံ မြည်ဟည်းသွားသည် ။ စောစောက တိုက်မိခဲ့သော အမျိုးသမီး။

မျက်လုံးလေး ဝိုင်းစက်သွားပြီး နှင်းဆီရောင်နှုတ်ခမ်း ငုံဖူးလေးက စုအာအာလေး ဖြစ်သွားကာ သူ့အား တအံ့တဩဟန်နှင့် ကြည့်လိုက်သည် ။

ဒိုင်းခနဲ ဆောင့်တက်လိုက်သော နှလုံးသား လှုပ်ရှားမှုကို သူ ချက်ချ

င်း တားလိုက်သည် ။

'ဒွန် အချစ်ဆိုတာ မင်းအတွက် ခုချိန်မှာ စားကောင်းသေးတဲ့ အသီး မဟုတ်ဘူး လေ' ဟု ။

သူ ချက်ချင်းပင် မျက်နှာလွှဲကာ ထိုနေရာမှ စွန့်ခွာလိုက်သည် ။ မိန်းကလေး၏ ရင်ထဲ မည်ကဲ့သို့ ဖြစ်ကျန်ရစ်ခဲ့မည်ကို သူ တွေးတောရလောက်အောင် ခေါင်းထဲ မထည့်ချင်သော်လည်း ထိုမိန်းကလေးနှင့် ပတ်သက်၍ တော့ မိန်ကလေးသည် လည်း သူ မှတ်မိသလိုမျိုး သူ့ကိုလည်း ပြန်လည်မှတ်မိကာ အံ့အားသင့်သွားခြင်း ဖြစ်သည် ဟု သူ ယူဆမိလေသည် ။ သူရွေးချယ်ထားပြီး စာအုပ်များ နှင့် ဦးထားသကဲ့သို့ ဖြစ်နေသော စားပွဲဆီသို့ ပြန်လာလိုက်သည် ။

'ဗုဒ္ဓေါ' ဟု ရင်ထဲ အာမေဍိတ် ထွက်သွားရပြန်သည် ။

ဘယ်နှယ့် ဒီနေ့ ရေစက်ဆုံပုံများက တိုက်ပဲ တိုက်ဆိုင်လွန်းလှချည်လား။ ဖူးစင်နေအောင် လှသော မိန်းကလေးသည် သူနှင့် တစ်စားပွဲတည်းမှာ နေရာယူထားပါလား။

ခက်ရချည်ရဲ့ ။ စားပွဲကလည်း စားပွဲရှည်ကြီး။ တစ်ဦးတည်းထိုင် မဟုတ်။ စိတ်က မျက်နှာလေးကို ခိုးကြည့်ချင်ပြီး မကြာခဏ ခိုးကြည့်မိ၍ မျက်လုံးချင်း ဆုံလာကြလျှင် နှလုံးသား ခလုတ်တိုက်မှုတွေ ဖြစ်လာနိုင်သည် ။

ထိုအခါ၌ သူ့နှလုံးသား ယိမ်းယိုင်သွားကောင်း ယိမ်းယိုင်နိုင်မည်။ သို့တည်းမဟုတ် လဲပြိုသွားကောင်း လဲပြိုနိုင်သည် ဖြစ်ရာ သူဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည် ။

မိန်းကလေးထံ မျက်စိမရောက်စေရန် သတိထားလိုက်ပြီး

စာအုပ်များကို ကောက်ယူကာ ကောင်တာသို့သွားကာ စာကြည့်တိုက်က ဒ်ပြားကို ထုတ်၍ စာအုပ်များကို ငှားရမ်းယူပြီး ပြန်ထွက်ခဲ့လေသည် ။

နေရစ်တော့ လှဇေကရီရေ။ မင်းကို ငါ့ရဲ့ ကြမ်းတမ်းတဲ့ ဘဝထဲက အချိန်တွေ ဖဲမပေးနိုင်သေး လို့ ပါဟု ရင်ထဲက တောင်းပန် လိုက်လေသည် ။

*****

# အခန်း (၃)

နေနီ စာဆက်ဖတ်ရန် လုံးဝ စိတ်မဝင်စားတော့ချေ။

ခံပြင်းစိတ် ဟုတ်မည်။ ဒါ ခံပြင်းစိတ်ပဲ ဖြစ်မည်။

သူကဲ့သို့ မြင်သူ စိတ်ဝင်စားကာ သူ့ထံမှ မေတ္တာကိုရဖို့ ကြိုးပမ်းမှုအမျိုးမျိုး ဖန်တီးပြီး ချဉ်းကပ်နေကြသူများ ဒုနဲ့ ဒေး ရှိပါလျက် ကံကြမ္မာကပဲ မျက်နှာသာ ပေးတာလား။ ဖူးစာရေးနတ် မင်းကပဲ အချစ်မြားသင့်စေတာလား မသိ။ တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့မှုကလေးတွေ ရှိလာပါလျက် ထိုအခွင့်အရေး ဟူသမျှကို ဥပေက္ခာပြု ကျောခိုင်းထွက်သွားသူကို နေနီ အလွန်အမင်း အံ့အားသင့် စေခဲ့ရာမှ ခံပြင်းစိတ်လည်း ဝင်သွားသည် ။

သူလိုမိန်းမမျိုးကို စိတ်မဝင်စားရလောက်အောင် သူက ဘာကောင်မို့လို့ လဲ။ Roll Number One ဖြစ်၍ ဘဝမြင့်တာလား။ အိမ်ထောင်သည်မို့လို့ လား။ မဟုတ်နိုင်ပါဘူး။ သူ၏ ရုပ်အဆင်း သဏ္ဌာန်က သူတကာထက် ထူးခြားသော ရုပ်ရည်ရှိသည် ။ ထူးခြားပေါ်လွင်မှုတော့ ရှိသည် ။ မေဂျာကင်းနှင့် မေဂျာကွင်း ရွေးချယ်ပွဲ၌ သူ ရောက်မလာ၍ သာ မေဂျာကင်းဘွဲ့က သူနှင့် လွဲဖယ်သွားခြင်း ဖြစ်သည် ။

မေဂျာကင်း ရသွားသော ကိုစိုးညီကလည်း နေနီအား ပရိုပို့စ် လုပ်ထားလေသည် ။ နေနီက ကြိုးရှည်ရှည်နှင့် လှန်ထားတတ်သူ

မဟုတ်သဖြင့် ငြင်းပယ်လိုက်ရာ နောက်ဆုတ်သွားသူ များ ထဲတွင် တစ်ယောက် အပါအဝင် ဖြစ်သွားခဲ့လေသည် ။

နေနီ စာထဲ စိတ်မဝင်စားနိုင်တော့သဖြင့် စာအုပ်များကို ကောက်သိမ်းပြီး ကင်တီးဘက်သို့ ထွက်ခဲ့လေသည် ။

‘တစ်ယောက်တည်းလား နေနီ’

‘ဩော် ဟုတ်ကဲ့’

လမ်းမှာ နှုတ်ဆက်သူ တစ်ဦးစ နှစ်ဦးစနှင့် ကြုံလိုက်ရသေးသည် ။ မျက်မှန်းတန်း မိသလိုတော့ ရှိသည် ။ ဘယ်သူရယ် ဘယ်ဝါရယ်လို့တော့ အတိအကျ မသိချေ။

‘ဟေ့ နီလေး ကျုပ်တို့ ဒီမှာ ဟေ့’

နွယ်နီက အာပြဲနှင့် လှမ်းခေါ်လိုက်သည် ။

နွယ်နီ့ ခေါ်သံကြောင့် သူ့အား လူတွေ ဝိုင်းကြည့်ကုန်သည် ။

နေနီ့အတွက်ကတော့ မျက်လုံးအစုံများ ၏ ဝိုင်းကြည့်ခြင်းက ရိုးအီနေပြီဖြစ်ရာ ခြေလှမ်း မှားစရာ မလိုဘဲ မိမိအပေါ် အာရုံစူးစိုက်နေသော မျက်လုံးပေါင်း သောင်းခြောက်ထောင်ကို ဖြတ်ကျော်ကာ သူ့အား လက်ယပ်လှမ်းခေါ်သော နွယ်နီတို့ စားပွဲဝိုင်းသို့ လှမ်းလာခဲ့ လိုက်လေသည် ။

‘စောစောကတော့ မလိုက်

နွယ်နီက ခရီးရောက်မဆိုက် မေးလိုက်၏။

သူက ပြုံးရင်း

‘ခုမှ လိုက်ချင်စိတ်ပေါက်လာလို့ ’ ဟု ဖြေလိုက်သည် ။

ဝေဝေက ‘ဘာစားမလဲ’ ဟု မေးသည် ။

နေနီကို အပြင်ဆိုင် ထမင်းဟင်းတွေ စားခြင်းကို မိခင်က တားမြစ်ထားသဖြင့် သူ မစားတတ်ခဲ့။

'ဘာစားရမလဲ'

အပြင်အစားစာဆိုင်၌ အစားစားခြင်းကို သူ ယနေ့အချိန်အထိ ကောင်းစွာ ကျင့်သားမရသေး။ State ကျောင်းသူ ဘဝတုန်းကလည်း အိမ်မှ ထမင်းဘူးနှင့် မုန့်ပဲသရေစာ အပြည့်အစုံ ထည့်ပေးတတ်သည် ။ မုန့်ဈေးတန်းသွားရန် မလိုအပ်ခဲ့။

ယခု တက္ကသိုလ်ကျောင်းသူဘဝ ရောက်တော့လည်း မာမီက ...

'နီ Breakfast ကို နည်းနည်းများများ ပိုစားသွား၊ ဒါမှ အဆာခံနိုင်မှာ ထမင်းဘူး သယ်ဖို့ ကို မရှက်ပါနဲ့ ။ ဒါမှ အချိန်ရမယ်ဆိုရင် အိမ်ပြန်စားမလား ဒရိုင်ဘာကို ကြိုခိုင်းလိုက်မယ်'

ဟု ပြောဆိုကာ စီစဉ်ပေးခဲ့လေသည် ။

ဒီနေ့တော့ မွန်းလွဲတစ်နာရီဆိုလျှင် စာသင်ချိန်များ ပြီးဆုံးသွားမည်ဖြစ်သဖြင့် ထမင်းဘူး ယူမလာခဲ့ချေ။

'ဟောတော် ကိုယ်စားမယ့်ဟာကို သူများ မေးရတယ်လို့ '

'ဆာတော့ မဆာဘူး၊ အပျင်းပြေစားမလားလို့ '

'အတော်ပဲ၊ ကျုပ်တို့ လည်း လက်ဖက်သုပ် စားချင်နေတာနဲ့ '

နေနီ ကင်တင်းထိုင်ခြင်း၏ သဘာဝကို ယခုမှ စတင်ခံစားမိခြင်း ဖြစ်သဖြင့် မျက်ဝန်းက ဟိုဟိုဒီဒီ ကြည့်လိုက်မိသည် ။ လူငယ်လူရွယ်တို့၏ သဘာဝအတိုင်း ပျော်စရာလေးများ ရှာကြံဖန်တီး ရယ်ပွဲဖွဲ့နေကြသော အုပ်စုလိုက် အုပ်စုလိုက် ရှိနေကြသည် ။ အားလုံး၏

မျက်နှာပြင်များ ဝယ် ပြုံးပျော်ရိပ်များကိုသာ တွေ့မြင်ရလေသည် ။ ဒါသဘာဝဟု နေနီ နားလည်လိုက်သည် ။ ဖြစ်သင့်တဲ့ သဘာဝတစ်ရား တစ်ခုပါ။

သို့ဆိုလျှင် ...

ထိုပုဂ္ဂိုလ်။ ဘာဖြစ်၍ များ သီးခြားဆန်နေရသလဲ။

'အဟဲ ဒီမှာ ထိုင်လို့ ရမလား။ နေရာတွေလည်း ပြည့်နေလို့ '

နွယ်နီက မဆိုင်းမတွပင် ကုလားထိုင်လွတ်ပေါ်သို့ လွယ်အိတ်ကို ဖတ်ခနဲ လှမ်းတင်လိုက်ပြီး ...

'နိုး နိုး ဒီလိုလာကြောင်လို့ မရဘူးလေ။ ဒါမျိုးတွေ ရိုးနေပြီ။ ဖင်တစ်နေရာစာကို ဘယ်လိုနည်းနဲ့ ရှာဖွေဖွေ ရတယ်။ ကိုင်း ဘာသဘောနဲ့ ချဉ်းကပ်တာလဲ၊ ဘယ်သူ့ကိုလဲ၊ မှန်မှန် လျှောက်လဲချက်ပေး'

ဒီလူကို နေနီ မျက်မှန်းတန်းမိသကဲ့သို့ ဖြစ်နေသည် ။

ဘယ်သူပါလိမ့်။

ဩော် သိပြီ။ ဟိုပုဂ္ဂိုလ်၏ တစ်ဦးတည်းသော သူငယ်ချင်းပဲ။ နေနီအလိုလို ပြုံးပြမိလျက်သား ဖြစ်သွားရာ မျက်မှန်နှင့်သူကအားတက်သွားပြီး ...

'မနေနီဆီက စာအုပ်ငှားချင်လို့ ပြီးတော့ ဒီဝိုင်းကို ရှင်းပေးမယ် ခံ့ငှားခ'

ဝေဝေနှင့် နွယ်နီက တစ်ယောက်နှင့် တစ်ယောက် မျက်စပစ်လိုက်ပြီး ဝေဝေက

'ခုံငှားခက ဟုတ်ပါပြီ။ စာအုပ်ငှားခကတော့ ဈေးကြီးလိမ့်မယ်'

လေးလုံးက အားတက်သရောပင်

‘ဟာ ရပါတယ်။ ဘယ်လောက် တန်ဖိုးကြီးကြီးပါ ပေးဖို့ အဆင်သင့်ပဲ’

နေနီကတော့ သူငယ်ချင်းတွေ ဇရုတ်ကျမှန်းလည်း သိသဖြင့် ဘာမှ ဝင်မပြောရဲ။

‘ဘယ်လိုလဲ နေနီ’

နေနီကလည်း ခေါင်းထဲဝင်လာသော အကြံအစည်က ဒီလေးလုံးမှ တစ်ဆင့် ဟိုပုဂ္ဂိုလ်နှင့် နီးစပ်သွားနိုင်သည် ။

ထို့ကြောင့် ...

‘သြော် ပညာရေးအတွက် အကူအညီ တောင်းလာတော့လည်း ပညာဒါနပါရမီလေး ဖြည့်ပေးရတာပေ့ါ ထိုင်ပါစေ’

လေးလုံး၏ မျက်နှာသည် မိုးရသည့်အလား ဝင်းပသွားသည် ။ နွယ်နီ လွယ်အိတ်ဖယ်ပေး လိုက်သော ခုံ၌ ဝမ်းသာအားရ ဝင်ထိုင်လိုက်ပြီး

‘ဘာစားဦးမလဲ ထပ်မှာ လေ’

‘ဟုတ်ပြီ၊ ဒါဆို ပုစွန်ခွက်ကြော်သုပ် နှစ်ပွဲ၊ ဂျင်းသုပ်တစ်ပွဲ’

‘များ လုချည်လား ကုန်ပ့ါမလား၊ ငါတော့ မစားဘူးနော်’

စား၍ ကုန်ခြင်းကို မနှမျော။ မစားဘဲ ပစ်လိုက်ရမှာ ကို အင်မတန် နှမျောတာ။

‘စိတ်ချပါ ဝမ်းအပြင် အိတ်မရှိဘူး။ ကုန်မှာ မို့လို့ မှာ တာနော်။ ရှင့်အတွက် မပါသေးဘူး ကိုလေးလုံး ရှင့်ဘာသာရှင်မှာ ’

ပွင့်လင်းရဲတင်းသော နွယ်နီ့အပြောကြောင့် ကိုလေးလုံးက ဟက်ခနဲ

ရယ်ကာ

‘ကျွန်တော်ကတော့ ပလိန်းပဲ ပလိန်းတစ်ခွက်ပေ့ါ’

ပြောပြောဆိုဆိုနှင့် လှမ်းမှာ လိုက်ပြီးနောက် နေနီအား ကြည့်ကာ ...

‘ကျွန်တော့်နာမည်က မင်းသိမ်းပိုက်ပါ’

ဝေဝေက

‘အလို စီးစီးပိုးပိုး။ ရှင့်ကို ဘယ်သူက လိုက်သိမ်းပိုက်ရမှာ လဲ’

နေနီက ဝေဝေ့စကားကြောင့် စဉ်းစားမိကာ ပြုံးလိုက်ပြီး

‘ဟုတ်ကဲ့ ကျွန်မတို့ ကတော့ ရှင့်ကို မသိမ်းပိုက်ပါဘူး။ အဲဒီအတွက် တော့ စိတ်ချပါ’

‘ကိစ္စမရှိပါဘူး သာတယ် နာတယ် မတွက်ပါဘူး။ မနေနီ ဆန္ဒရှိတ ယ်ဆိုရင် သိမ်းပိုက်လို့ ရပါတယ်’

နေနီ မျက်နှာ ထူပူသွားသည် ။ ဒါ ရည်းစားစကားလား ဟု လည်း တွေးမိကာ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ။ နွယ်နီက ...

‘နာနေဦးမယ်နော် ကိုင်း ရွှေစွန်ညို ဘာကိုလိုလို့ ဝဲတယ်ဆိုတာ သိပြီးမှ တော့ မထွေးအသားလည်း ခါးရတော့မှာ ပေ့ါ ကဲ လျှောက်လွှာ တင် စာနဲ့ နှုတ်နဲ့ တင်’

ဝေဝေက ‘ပညာအရင်အချင်း သိပြီး တစ်တန်းထဲဆိုတော့ မိဘနာမ ည်၊ အလုပ်အကိုင်၊ အသက်၊ ညီအစ်ကိုမောင်နှမ ဘယ်နှယောက် ရှိသ လဲ ဒါလည်း အရေးကြီးတယ်’

နေနီက အားနာသွားသည် ။

နေနီအနေနှင့် သူ့အား ပရိုပို့စ် လုပ်လာသူများကို တုန့်ပြန်သည့်အခါ

တိုင်း အမျက်ဒေါသမပါ၊ အေးဆေးစွာပင် တုန့်ပြန်တတ်ခဲ့သည် ။ နှလုံးသား ခံစားချက် မပါသော 'အချစ်' ကို စမ်းသပ်ခံနေစရာ စစ်ဆေးစရာမလိုဟု သူ ထင်လေသည် ။ 'အချစ်' ဟူသော အရာ၌ ထူးဆန်းသော စွမ်းအင်တစ်မျိုး ရှိသည် ။ 'အချစ်' စွမ်းအင်ကို သူခံစားနေရပြီ။ ထူးထူးခြားခြား စွမ်းအင်ကြောင့် သူတစ်ယောက်တည်း လှုပ်ရှားတတ်သော တစ်ကိုယ်တော် မင်းသားကို နေနီ စိတ်ဝင်စားနေလေပြီ။ မင်းသိမ်းပိုက် ဝေဝေ့မေခွန်းများကို ဖြေလိုက်ခြင်းကိုပင် နေနီ မကြားမိလိုက်ချေ။

'မဆိုးပါဘူး။ ပွဲပိုးအရည်အချင်းကလည်း ပြည့်စုံတယ်။ ကိုယ်ပိုင်အရည်အချင်းပဲ ကျန်တော့တယ်။ အဲဒါကတော့ ရှင့်အပေါ် မူတည်ပါတယ် ။ ဒါပေမဲ့ ခက်တာက ကျွန်မတို့ မင်းသမီးက ကြိုးရှည်ရှည်နဲ့ မလှန်တတ်တော့ ...'

မင်းသိမ်းပိုက်က လက်ကာကာ

'ခဏ ခဏ မဟိုဟှာ'

'မဟိုဟာ မဟုတ်ဘူး ။ ကျွန်မက နွယ်နီ။ သူက ဝေဝေ။ သူတော့ ရှင်တို့ သိပြီးသားပဲ'

'ဟုတ်ပါတယ်။ မနွယ်နီ ကျွန်တော်ကလည်း မနေနီကို ပရိုပို့စ် မလုပ်သေးပါဘူး။ ဒါကြောင့် ရက်စ်အော်နိုး အဖြေလည်း မလိုအပ်သေးဘူး။ ကျွန်တော် အခုလာတာက ကျွန်တော့်မှာ သူငယ်ချင်းဆိုလို့ ရှားရှားပါးပါး တစ်ယောက်တည်း ရှိတဲ့ အတွက် သူငယ်ချင်း လာဖွဲ့တာပဲ ရှိပါသေးတယ်'

'အသားလိုလို့ အရိုးတောင်းတဲ့ အဆင့်ပေါ့'

မင်းသိမ်းပိုက်က ဘာမှ မပြောဘဲ ပြုံးနေလိုက်၏။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဟု နေနီတို့ နားလည်ထားသည် ။

'ဘယ်လိုသဘောရသလဲ နေနီ'

'သူငယ်ချင်း ဆိုရင်တော့ လည်း ရပါတယ်။ ရိုးသားဖြူစင်ပွင့်လင်းခြင်းဟာ ခင်မင်မှုကို အရွှန်းရှည်သွား စေတတ်တယ်နော် မင်းမင်း'

သူ့အား 'မင်းသိမ်းပိုက်' ဟု မခေါ်ချင်တော့။ သူငယ်ချင်း အဆင့်အနေနှင့် နေနီ သတ်မှတ်လိုက်ကြောင်း နွယ်နီနှင့် ဝေဝေပါ သဘောပေါက်သွားပြီး ...

'ဟုတ်ပြီ မင်းမင်း။ ကောင်းတယ်။ ကိုသိမ်းဆိုလည်း ရိုးတယ်။ ကိုပိုက် ဆိုတော့လည်း မနိပ်ဘူး။ မင်းမင်းပဲ ကောင်းတယ်။ ပြောထားရဦးမယ်။ သူငယ်ချင်းဆိုတော့ ငါတို့ ကိုလည်း 'မ' ထည့်ခေါ်ဖို့ မလိုဘူး။ နောက်ပြီး ရှင် ကျွန်မ ဆိုတာ စိမ်းတယ်။ နင်ငါဆိုတာ ရင့်သီးတယ်၊ ရိုင်းတယ်လို့ ထင်ရပေမဲ့ သူငယ်ချင်း အချင်းချင်းအတွက် အပွင့်လင်းဆုံးနဲ့ ဟန်ဆောင်မှု လုံးဝ မပါတဲ့ အသုံးအနှုန်းတွေပဲ သုံးသွားချင်တယ်။ လက်ခံနိုင်သလား မင်းမင်း'

မင်းသိမ်းပိုက်က ကျေနပ်အားရသော အပြုံးနှင့် ပြုံးကာ

'သိပ်ကို သဘောကျလက်ခံ နိုင်ပါတယ်'

မင်းသိမ်းပိုက်နှင့် သူတို့ သူငယ်ချင်း (၃) ယောက် အဖွဲ့ကျ သွားခြင်းအတွက် နေနီ၌ မျှော်လင့်ချက် အလင်းရောင်တို့ အပြည့်အဝ ထွန်းလင်းတောက်ပလာခြင်း ဖြစ်ကြောင်းကိုတော့ ဘယ်သူကမှ ရိပ်မိသိရှိ လိမ့်မည် မဟုတ်ချေ။ အချစ်အတွက် တရားသည် မတရားသည် မရှိ။

မင်းသိမ်းပိုက်သည် သူစွဲလမ်းနေသော သူနှင့် နီးစပ်ဖို့ အရေးအတွက် ပေါင်းကူးတံတားလေး ဖြစ်လိမ့်မည်ဟု နေနီ မျှော်လင့်ချက်နှင့် မင်းသိမ်းပိုက်၏ ချဉ်းကပ်လာမှုအပေါ်၌ မသိကျိုးနွံပြုကာ လက်ခံလိုက်မိလေသည် ။

ဒီအတွက် မင်းသိမ်းပိုက်မှာ နစ်နာလိမ့်မည်၊ နာကျင်သွားလိမ့်မည် ဟူသော အတွေးမျိုး ကိုတော့ နေနီ ဥပေက္ခာပြုထား လိုက်မိလေသည် ။

*****